# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 1 , 2024 Volume 83, Number 1


| ၁.၁၀.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၅၂.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၀.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၇.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၄.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၉.၄၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၆၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၂၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၉.၄၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၂၄၈ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ကျိုက်လတ်မြို့နယ်၌ တီလားဗီးယားငါးများ အရောင်းအဝယ် ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ဒေသထွက် တီလားဗီးယားငါးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ကျိုက်လတ်မြို့နယ် အသား၊ ငါးဈေးကွက်၌ စက်တင်ဘာလ တတိယပတ်မှစ၍ ဒေသထွက် တီလားဗီးယားငါးများ ဝယ်ယူမှု အားကောင်းပြီး တစ်ရက်လျှင် ပိဿာချိန် ၃၀ မှ ၅၀ အထိအရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

“ကျိုက်လတ်မြို့နယ်ကနေထွက်ရှိတဲ့ ရေထွက်ကုန်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြည်တွင်းစားသုံးမှု အားကောင်းလာလို့ အခုလိုတီလားဗီးယားငါးတွေ အရောင်း အဝယ်ကောင်းနေတာပါ။ အရောင်းအဝယ်ကောင်းနေတာကြောင့်မွေးမြူသူတွေလည်း ငါးအကောင်ရေ ထပ်တိုးပြီး မွေးမြူလာတာတွေ့ရပါတယ်။ငါးဈေးနှုန်းကတော့ ပုံမှန်အနေအထားမှာပဲရှိပါတယ်”ဟုပြောသည်။

ကျိုက်လတ်မြို့နယ်မှ သဘာဝအတိုင်းဖမ်းယူရရှိသည့် တီလားဗီးယားငါးအပြင် မွေးမြူရေးတီလားဗီးယားငါးများလည်း ထွက်ရှိကြောင်း၊ အဆိုပါ တီလားဗီးယားငါး မွေးမြူရာတွင် သက်တမ်းအားဖြင့် သုံးလခန့် မွေးမြူရကြောင်း သိရသည်။

**Source:** https://myawady.net.mm/

## မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့် ပဲဇီးကွက် အရောင်းအဝယ်ကောင်းမွန်လာ

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့် ပဲဇီးကွက် အရောင်းအဝယ်ကောင်းမွန်လာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ တာဝန်ရှိသူတစ်ဦး မှ ပြောပြသည်။

ပဲ၊ ပြောင်း၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က နှမ်းနှင့် ပဲဇီးကွက်မှာ ပြည်တွင်းဈေးကွက်အတွင်းက ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးနေခဲ့ကြောင်း၊ ယခုလက်ရှိတွင် နှမ်းနှင့် ပဲဇီးကွက်ကို ကုန်သည်များက ဝယ်ယူမှုပြန်လည်များပြားလာပြီး အရောင်းအဝယ်မှာ အကောင်းဆုံးအနေအထားတွင် ရှိနေကြောင်း သိရသည်။

နှမ်းနဲ့ ပဲဇီးကွက်က အရင်တစ်ပတ်လောက်က မန္တလေးဈေးကွက်ထဲ အရောင်းအဝယ်အေးနေခဲ့တယ်။ အခုလက်ရှိမှာတော့ အရောင်းအဝယ် ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာပါတယ်။ ဒါ့ပြင် အခြားကုန်စည်တွေလဲ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေပါတယ်” ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ တာဝန်ရှိသူတစ်ဦး မှ ပြောပြသည်။

မန္တလေး ပဲ၊ နှမ်း ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ နှမ်းညိုသုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၅၀,၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၅၈၀,၀၀၀၊ နှမ်းဖြူသုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၉၀,၀၀၀၊ ပဲဇီးကွက်သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၀၀,၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်း ဈေးကွက်အတွင်း ယနေ့ ပေါက်ဈေးအရ ကုလားပဲ V2 သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၁၃,၀၀၀၊ ကုလားပဲ V7 သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၅၅,၀၀၀၊ ကုလားပဲ TW သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၈၆,၀၀၀၊ ကုလားပဲ 929 သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၉၅,၀၀၀၊ မြေထောက်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၅၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးခူပိဿာချိန် ၇၄,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးခူပိဿာချိန် ၇၄,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ငါးခူပိဿာချိန် ၄၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ငါးခူပိဿာချိန် ၇၄,၀၀၀ ထိ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးခူများ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် ရေလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

“ငါးခူတင်ပို့အားကောင်းတော့ အဓိက အဆင်ပြေနေတာက ရေလုပ်သားတွေပါ။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးခူပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရတယ်။ လက်ရှိအချိန်က ဒေသမှာ ငါးခူတွေထွက်ရှိနေတဲ့ အချိန်ပါ။ ဒီငါးခူက ပြည်တွင်းမှာကို စားသုံးမှုများတဲ့ ငါးဖြစ်ပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ဘက်က ရေထွက်ကုန်မှန်သမျှကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကို တင်ပို့တာပါ” ဟု ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့် ငါးခူ ၁၀ ပိဿာလျှင် ကျပ် ၁၅၅,၀၀၀ မှ ၁၈၅,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးခူများကို စနစ်တကျထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၃-၉-၂၀၂၄ မှ ၂၇-၉-၂၀၂၄ ရက်အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲတစ်တန်ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၄,၀၀၀,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၄,၄၀၅,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄,၉၅၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၂၃,၀၀၀ ၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၂၃,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop )ကျပ် ၁၅၅,၀၀၀အသီးသီးဈေးကျဆင်းခဲ့သည်။ယခင်အပတ်ကကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၃၀ လုံး (တန်ချိန် ၇၂၀)နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ဝင်ရောက် ခဲ့ပြီး ယခု အပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၆၀ လုံး (တန်ချိန် ၁၄၄၀) နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၃၀ လုံး (တန်ချိန် ၇၂၀) ပိုမိုဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/RC (2024 Crop ) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) လျော့နည်း ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရွတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရွတ်သီး တစ်ပိဿာ ဈေးနှုန်းများမှာ ပန်းရဲရွတ် (သစ်) AC ကျပ် ၆၅၀၀၊ မြားနီ ကျပ် ၆၀၀၀၊ ပန်းတနော်ရှည် ကျပ် ၅၅၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၁၀၀၀ နှင့် မြစ်ဝပု ကျပ် ၁၀,၅၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ရွတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ရွတ်ရှည် အိတ်ပေါင်း ၇၀၀ (၁၄,၀၀၀ ပိဿာ) နှင့် ရွတ်ပု အိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ )ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရွတ်ရှည် အိတ်ပေါင်း ၁၂၅၀ ( ၂၅,၀၀၀ ပိဿာ) နှင့် ရွတ်ပု အိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင် အပတ်ထက် ရွတ်ရှည် အိတ်ပေါင်း ၅၅၀ (၁၁,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး တစ်ပိဿာ ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၃၆၀၀၊ မန်ကျည်းအသား (သစ်) ကျပ် ၇၀၀၀ နှင့် မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၃၃၀၀ အသီးသီးဈေး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား တစ်ပိဿာ ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒုံး) ကျပ် ၆၁၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၆၆၀၀၊ ပခုက္ကူကြမ်း ကျပ် ၆၂၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၆၈၀၀၊ ကြံသကာ ကျပ် ၃၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့် သကြားများ ဈေးငြိမ်လျက်ရှိသည်။

**Source : ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၃-၉-၂၀၂၄ မှ ၂၇-၉-၂၀၂၄ ရက်အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှကြက်သွန်နီများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ တစ်ပိဿာ ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၇၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၄၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၀၀၀၊ ဆိပ်ဖြူ လတ်ချော ကျပ် ၁၄၀၀၊ မုံရွာသစ်ရှယ် ကျပ် ၂၈၀၀၊ မုံရွာလတ်ကြီး ကျပ် ၂၄၀၀၊ မုံရွာလတ်သန့် ကျပ် ၂၁၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀၊ မုံရွာသစ်ရှယ် ကျပ် ၂၀၀၊ မုံရွာလတ်သန့် ကျပ် ၁၀၀ နှင့် မုံရွာလတ်ချော ကျပ် ၂၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၁၀ စီး (၆၆၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၀၁ စီး (၆၀၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၉ စီး (၅၄,၀၀၀ ပိဿာ) လျော့နည်း ဝင်ရောက်ခဲ့ကြောင်း သိရ သည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ တစ်ပိဿာ ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၈,၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၀,၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၁,၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၂၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၃၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၁၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ အသီးသီး ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ် ၁၇၀၀ (၅၁,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၂၃၀၀ (၆၉,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ် ထက်ကြက်သွန်ဖြူအိတ် ၆၀၀ (၁၈,၀၀၀ ပိဿာ ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့နှင့် တရုတ်မှ အာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး တစ်ပိဿာ ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၄၀၀၀၊ အောင်ပန်း OK ကျပ် ၅၀၀၀၊ အောင်ပန်း S1 ကျပ် ၅၅၀၀ နှင့် တရုတ်အာလူး ကျပ် ၆၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်း OK ကျပ် ၅၀၀ နှင့် တရုတ်အာလူး ကျပ် ၁၀၀၀ အသီးသီး ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၁၇၀၀ (၅၁,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဘာစမာတီမဟုတ်သောဆန်တင်ပို့မှုအပေါ် တားမြစ်မှုများကို ဖြေလျှော့ရန် စဉ်းစားနေသည့် အိန္ဒိယနိုင်ငံ

ကမ္ဘာ့ကောက်ပဲသီးနှံတင်ပို့မှု ထိပ်တန်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံသည် သိုလှောင်ကုန်များနေခြင်း၊ မကြာမီ သီးနှံသစ်များ ရိတ်သိမ်းမည်ဖြစ်ခြင်းတို့ကြောင့် ဘာစမာတီမဟုတ်သော ဆန်တင်ပို့မှုအပေါ် တားမြစ်မှုများကိုဖြေလျှော့ရန် စဉ်းစားနေ ကြောင်း အစိုးရအကြီးတန်းအရာရှိတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်မိုဒီအစိုးရက ရွေးကောက်ပွဲမတိုင်မီ လယ်သမားများ ဝင်ငွေတိုးစေရန် နည်းလမ်းများ ဆောင်ရွက်လျက်ရှိပြီး ပြီးခဲ့သည့်သီတင်းပတ်က ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် အမေရိကန်စသည့် အကျိုးအမြတ်များသော ပြည်ပဈေးကွက်များသို့

ဘာစမာတီဆန်တင်ပို့သူများအား ကူညီနိုင်ရန် ဆန်ကြမ်းခင်းဈေးကို ဖယ်ရှားခဲ့သည်။

၂၀၂၃ ခုနှစ်မှစ၍ ဆန်တင်ပို့မှုကို တားမြစ်ခဲ့သော အိန္ဒိယသည် ၂၀၂၄ ခုနှစ်တွင်လည်း ဧပြီလမှ ဇွန်လအထိ ရွေးကောက်ပွဲရှိသဖြင့် ပြည်တွင်းဈေးနှုန်းများ ထိန်းထားနိုင်ရန် ဆက်လက်တားမြစ်ခဲ့သည်။ ရိုက်တာသတင်းဌာန၏ ဇူလိုင်လသတင်းများ၌ အိန္ဒိယသည် ပြည်ပသို့ ပြုတ်ဆန်တင်ပို့ရာတွင် ၂၀ ရာခိုင်နှုန်း ပို့ကုန်ခွန် ကောက်ခံနေခြင်းအစား တပြေးညီအခွန်နှုန်းချမှတ်ရန် စဉ်းစားနေပြီး ဆန်ဖြူ ပြန်လည်တင်ပို့ရန်အခြေအနေကို ဆန်းစစ်နေကြောင်း ဖော်ပြခဲ့သည်။

မုတ်သုံမိုးအားကောင်းမှုကြောင့် တောင်သူလယ်သမားများသည် ယခင်နှစ်ကစိုက်ပျိုးမြေ ဟက်တာ၃ဒသမ၉သန်းမှ ယခုနှစ်တွင် ဟက်တာ ၄ ဒသမ ၁ သန်းထိ စိုက်ပျိုးခဲ့ကြောင်း၊နွေစပါးကို ဇွန်နှင့်ဇူလိုင် မိုးရာသီများတွင် စိုက်ပျိုးကြပြီး အောက်တိုဘာလတွင် ရိတ်သိမ်းကြကြောင်း၊ အိန္ဒိယစားသောက်ကုန် ကော်ပိုရေးရှင်း၏ စက်တင်ဘာ ၁ ရက်အထိ စာရင်းများ အရ ဆန်လက်ကျန်သည် ပြီးခဲ့သည့်နှစ်ကထက် ၃၈ ဒသမ ၆ ရာခိုင်နှုန်း များပြားကာ မက်ထရစ်တန် ၃၂ ဒသမ ၃ သန်းရှိသောကြောင့် အစိုးရအနေဖြင့် ဆန်တင်ပို့မှု ကန့်သတ်ချက်များကို လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းထောက်များ၏ မေးမြန်းချက်အပေါ် စားသောက်ကုန်ထုတ်လုပ်ရေး စက်မှုဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက အစိုးရအနေဖြင့် ပြုတ်ဆန်နှင့် ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှု၊ ပြည်တွင်းအိုသနေသောဈေးနှင့် သကြားရောင်းဈေး စသည့် မူဝါဒများကို ပြင်ဆင်ရန် စဉ်းစားလျက်ရှိကြောင်း ပြောကြားခဲ့သည်။

**Source : Reuters**

https://www.commerce.gov.mm/

## ဗီယက်နမ်နိုင်ငံသည် အင်ဒိုနီးရှားဈေးကွက်သို့ ဆန်တင်ပို့ရန် လေလံအောင်မြင်

စက်တင်ဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၄၅၀,၀၀၀ တင်သွင်းရန် လေလံခေါ်ယူသည့်အနက် ဗီယက်နမ်မှ ဆန်တန်ချိန် ၆၀,၀၀၀ တင်သွင်းရန် လေလံအောင်မြင်ခဲ့ကြောင်း၊ မြောက်ပိုင်းအစားအစာ ကော်ပိုရေးရှင်း (Vinafood 1) နှင့် King Green ကုမ္ပဏီတို့သည် တင်ဒါ လေလံလုပ်ငန်းစဉ်တွင် ပါဝင်သည့် ကုမ္ပဏီ ၂ ခု ဖြစ်ကြောင်း သိရသည်။

King Green ကုမ္ပဏီသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၈ ဖြင့် စုစုပေါင်းတန်ချိန် ၆၀, ၀၀၀ နီးပါးဖြင့် လေလံအတွဲနှစ်တွဲကို အောင်မြင်စွာ ရရှိခဲ့ကြောင်းဖော်ပြထားသည်။

ထိုင်းနိုင်ငံသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၇၄ ဖြင့် အမြင့်ဆုံးဈေးဖြင့် အောင်မြင်ခဲ့ပြီး ပါကစ္စတန်သည် တန်ချိန် ၂၄၀,၀၀၀ ခန့်ဖြင့် အများဆုံး လေလံရရှိခဲ့ကာ ဈေးနှုန်းအနေဖြင့် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၅ မှ ၅၆၇.၅ ကြား ရှိကြောင်း သိရသည်။

လက်ရှိတွင် နွေရာသီ-ဆောင်းဦး ဆန်သီးနှံကုန်ဆုံးချိန်ဖြစ်သောကြောင့် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများ၏ လက်ကျန်ဆန်ပမာဏမှာ နည်းပါးလျက်ရှိကြောင်းနှင့် ဗီယက်နမ် စားနပ်ရိက္ခာအသင်း၏ အဆိုအရ ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သိရသည်။

အထူးသဖြင့် ဆန်ကွဲ ၅ ရာခိုင်နှုန်းပါသည့် ဗီယက်နမ်ဆန်ကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၅ ဖြင့် ရောင်းချပြီး ထိုင်းနှင့် ပါကစ္စတန်တို့က တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၀ နှင့် အမေရိကန်ဒေါ်လာ ၅၂၉ အသီးသီးရောင်းဝယ်ကြကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည် ဩဂုတ်လကုန်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၅ ဘီလီယံတန်ဖိုးရှိ ဆန်တန်ချိန် ၆ ဒသမ ၁၅ သန်းကျော် တင်ပို့ခဲ့ပြီး ပမာဏအားဖြင့် ၅ ဒသမ ၈ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၂၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းသိရသည်။

ပျမ်းမျှဆန်တင်ပို့မှုဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၂၅ ဒေါ်လာအထိ ရောက်ရှိခဲ့ကြောင်းနှင့် ယခင်နှစ် အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ၁၅ ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။

**Source:** https://english.vov.vn/en/economy

**စီးပွားရေးသံမှူး၊မြန်မာသံရုံး၊ ဟနွိုင်းမြို့**

https://myantrade.gov.mm/

## အစားအစာအတွက် ဝယ်လိုအားမြင့်တက်လာခြင်းသည် ထိုင်းနိုင်ငံ၏ ပို့ကုန်ကို မြင့်တင်ပေးလျက်ရှိ ခြင်း

ကုန်သွယ်ဖက်နိုင်ငံများ၏ ဝယ်လိုအား မြင့်တက်လာခြင်းကြောင့် ထိုင်းစိုက်ပျိုးရေးနှင့် အစားအစာထုတ်ကုန်များအတွက် ဝယ်လိုအား မြင့်တက်လာလျက်ရှိရာ ဩဂုတ်လအတွင်း ပို့ကုန်သည် ၇ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ကြောင်း သိရသည်။

ဩဂုတ်လအတွင်း ပို့ကုန်သည် ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၂ ဘီလီယံဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် လယ်ယာ-စက်မှုထုတ်ကုန်များ၊ စက်မှုထုတ်ကုန်များ၏ ဝယ်လိုအား မြင့်တက်ခဲ့သလို ကမ္ဘာ့ရာသီဥတု အခြေအနေများနှင့် အဓိက ဈေးကွက်များ၏ ဝန်ဆောင်မှုကဏ္ဍများ ပြန်လည်ကောင်းမွန်လာခြင်းကြောင့် ဖြစ်ကြောင်း၊ ဥရောပ စီးပွားရေးသည် ငွေကြေးဖောင်းပွမှုနှုန်း ဖိအားမှ ပြန်လည်ကောင်းမွန်လာခဲ့ပြီး စားသုံးသူများ၏ ဝယ်ယူစွမ်းအားနှင့် ထိုင်း ထုတ်ကုန်များအတွက် ဝယ်လိုအားကို ပြန်လည်ကောင်းမွန်လာစေခဲ့ကြောင်း၊အထူးသဖြင့် အမေရိကန်နှင့်ဥရောပလမ်းကြောင်း သင်္ဘောတင်ပို့ခများ ကျဆင်းမှုကြောင့် ပို့ကုန်လုပ်ငန်းရှင်များ၏ ကုန်ကျစရိတ်များ လျော့နည်းခဲ့သဖြင့် ဈေးနှုန်း ယှဉ်ပြိုင်မှုကို တိုးမြှင့်စေခဲ့ကြောင်းကုန်သွယ်ရေးမူဝါဒနှင့်မဟာဗျူဟာရုံးညွှန်ကြားရေးမှူးချုပ် Mr. Poonpong Naiyannapakorn က ပြောကြားခဲ့သည်။

ဩဂုတ်လအတွင်း သွင်းကုန်သည် ၈ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၉ ဘီလီယံရှိခဲ့ရာ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၂၆၅ သန်း ဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် ပထမ ၈ လအတွင်း ပို့ကုန်သည် အမေရိကန်ဒေါ်လာ ၁၉၇ ဘီလီယံဖြင့် ၄ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ပြီး သွင်းကုန်သည် အမေရိကန်ဒေါ်လာ ၂၀၄ ဘီလီယံဖြင့် ၅ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ရာ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၃ ဘီလီယံ ဖြစ်ပေါ်ခဲ့ကြောင်း၊ လတ်ဆတ်၊ အေးခဲနှင့် အသီးခြောက်များ၊ ဆန်၊ ရော်ဘာ၊ ပင်လယ်စာ စည်သွပ်ဗူး၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်နှင့် ဟင်းသီး ဟင်းရွက်ဆီစသည့် စိုက်ပျိုးရေးထုတ်ကုန်များ၏ ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၃ ဘီလီယံ သို့ရောက်ရှိခဲ့သဖြင့် ၁၇ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ကြောင်း၊ ပီလောပီနံထုတ်ကုန်များ၊ သကြား၊ လတ်ဆတ်နှင့် အေးခဲကြက်သားနှင့် ဟင်းသီးဟင်းရွက် စည်သွပ်ဗူးပို့ကုန်များ ကျဆင်းခဲ့ကြောင်း သိရသည်။

မော်တော်ကားနှင့်ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ရော်ဘာထုတ်ကုန်၊ ယန္တရားများ၊ ဓာတုပစ္စည်း များ၊တယ်လီဖုန်းပစ္စည်းများနှင့် လေအေးပေးစက်နှင့် ဆက်စပ်ပစ္စည်းများ၏ ပို့ကုန်တန်ဖိုးသည် အမေရိကန် ဒေါ်လာ ၂၀ ဒသမ ၄ ဘီလီယံ ရှိခဲ့ပြီး ၅ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ကြောင်း၊ အတွင်းပိုင်းလောင်ကျွမ်း အင်ဂျင်များ၊ ဆားကစ်စ် ဘုတ်များ၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ ထရန်စစ္စတာများနှင့် ဒိုင်အုတ်ပို့ကုန်များ ကျဆင်းခဲ့ကြောင်း၊ ယခုနှစ်အတွင်း ပို့ကုန် တိုးတက်မှု သည် ၁ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းထိ မြင့်တက်နိုင်မည်ဟု ခန့်မှန်းထားပါကြောင်း၊ ကမ္ဘာ့ရာသီဥတုအခြေ အနေများ ကြောင့် နိုင်ငံ အများစုတွင် ထုတ်လုပ်မှု၌ သက်ရောက်သဖြင့် ကုန်သွယ်ဖက်နိုင်ငံများက အစားအစာဖူလုံမှုအတွက် စိုက်ပျိုးရေး ထုတ်ကုန်များ အတွက် ဝယ်လိုအား မြင့်တက်လာခဲ့ပါက ပို့ကုန်တိုးတက်မှုသည် ၂ ရာခိုင်နှုန်းထက်ပင် ကျော်လွန်နိုင်ကြောင်း၊ ပို့ကုန်အတွက် ဘတ်ငွေအားကောင်းနေခြင်း၊ ပထဝီဝင်နိုင်ငံရေး မသေချာမှုမြင့်တက်နေခြင်းနှင့် ရေလွှမ်းမိုးသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တွင် သက်ရောက်မှုစသည့် ဖိအားများလည်းရှိပါကြောင်း ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

ဘတ်ငွေခိုင်မာနေမှုသည် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် ပေးပို့မည့် ကုန်ပစ္စည်းများအတွက် ညှိနှိုင်းရာတွင် အန္တရာယ် အမြင့်ဆုံးဖြစ်နေကြောင်း၊ ဘတ်ငွေခိုင်မာမှုသည် ၂၀၂၅ ခုနှစ် ပထမ ၃ လပတ်အထိ ရှိနေမည်ဟု ခန့်မှန်းရပါကြောင်း၊ ပြည်တွင်း လုပ်ငန်း များသည် နိုင်ငံတကာကုန်သွယ်မှုအတွက် စေ့စပ်ညှိနှိုင်းရာတွင် ဘတ်ငွေအားကောင်းနေသောကြောင့် နိုင်ငံခြားငွေ လဲလှယ်နှုန်းဒဏ်ကို ခံစားရပါကြောင်း၊ဇူလိုင်လမှ ဩဂုတ်လအထိ စိုက်ပျိုးရေးထုတ်ကုန်များ ရောင်းချထားသော ပို့ကုန် လုပ်ငန်းရှင်များသည် ဘတ်ငွေနည်းနည်းသာပြန်လည်ရရှိသဖြင့် ငွေဖြစ်လွယ်မှုပြဿနာရှိနိုင်ကြောင်း၊ အစိုးရ၏ ၁ ရက် အနည်း ဆုံးလုပ်ခလစာဘတ်၄၀၀ သို့ တိုးမြှင့်မည့်အစီအစဉ်ကြောင့် ပို့ကုန်လုပ်ငန်းရှင်များ ရပ်နားနိုင်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ယင်းသည် စိုက်ပျိုးရေးနှင့် ဝန်ဆောင်မှုကဏ္ဍများ၌ ထုတ်လုပ်မှု ကုန်ကျစရိတ်ကို သက်ရောက်နိုင်ပြီး လုပ်ငန်းသေး များသည် ဘတ်ငွေ ခိုင်မာမှုဒဏ်ကိုခံစားရကြောင်း Thai National Shippers' Council ဥက္ကဋ္ဌ Mr. Chaichan Charoensuk က သုံးသပ်ပြောကြားခဲ့သည်။

**Source: www.bangkokpost.com**

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (1.10.2024)

**အောက်တိုဘာလ (၁) ရက်နေ့သည် ဘဏ်ပိတ်ရက်ဖြစ်ပါသည်။**

TIR